Australian Aid

World Vision

# Smart Navigator Toolkit

# ကျွမ်းကျင်သောလမ်းပြသင်ရိုးညွှန်းတမ်း

## Part E



The Vanguard Series

# အပိုင်း(င)
# လုပ်ဆောင်ခြင်း

# Part E
# Taking Action



# အခန်း (၂၇) သင်သိသည်ကိုအခြားသူများအားမျှဝေခြင်း

## ရည်ရွယ်ချက်

ပါဝင်သူများသည် ၎င်းတို့၏ လူကုန်ကူးခြင်းနှင့်လုံခြုံသောရွှေ့ပြောင်းခြင်း အသိပညာများကို အခြားသူများသို့ မျှဝေနိုင်မည့် နည်းလမ်းများကို စဉ်းစားရန်နှင့် အသိုင်းအဝိုင်းလှုပ်ရှားမှု လုပ်ဆောင်ချက်အမြင်အား မိတ်ဆက်ရန်ဖြစ်သည်။ ပါဝင်သူများသည် သင်တန်းတစ်ခုလုံးပြီးနောက် မည်သည့်အရာများကို သင်ယူပြီးမြောက်ကြောင်း အကြိုစစ်ဆေးခြင်းနှင့် နှိုင်းယှဉ်ပြီးဆုံးဖြတ်ရန်အတွက် နောက်ဆုံးစစ်ဆေးခြင်းအားလည်း ဖြေဆိုရမည်ဖြစ်သည်။

## အချိန်

၇၅မိနစ်

အထောက်အပံ့များ

- သရုပ်ပြကားချပ်
- ဘောလ်ပင်
- ပါဝင်သူတစ်ယောက်စီအတွက်အသိုင်းအဝိုင်းလှုပ်ရှားမှုသဘောတူညီချက်ပုံစံမိတ္တူ (ပုံစံမှာဤသင်ရိုးညွှန်းတမ်းမှစာမျက်နှာ၅ပေါ်တွင်ရှိသည်။)
- ပါဝင်သူတိုင်းအတွက် 'IS 27a: နောက်ဆုံးစစ်ဆေးခြင်း' မိတ္တူ
- 'IS 27b: အသိုင်းအဝိုင်းလှုပ်ရှားမှုသဘောတူညီချက်ပုံစံ' မိတ္တူ

## မိတ်ဆက်ခြင်း

## ကြိုဆိုခြင်း

ပါဝင်သူများအား အမည်နှင့်တကွကြိုဆိုပါ။ လက်မှတ်ထိုးရန်စာရွက်အား လက်ဆင့်ကမ်းပါ။

## သွေးပူလေ့ကျင့်ခန်း

လူငယ်ဦးဆောင်သူအား သွေးပူလေ့ကျင့်ခန်းစာရင်းမှ တစ်ခုကိုဦးဆောင်ခိုင်းပါ။

## ပြန်လည်သုံးသပ်ခြင်း

သင့်နိုင်ငံ၏ အရေးပေါ်ဖုန်းနံပါတ်များမှာ မည်သည့်နံပါတ်များ ဖြစ်သနည်း။ (အကယ်၍ပါဝင်သူများမှာ ဇဝေဇဝါဖြစ်နေပါက၊ အခန်း၂၅ မှ အဖွဲ့တစ်ခုလုံး သံပြိုင်ရွတ်ဆိုခဲ့သော နံပါတ်များအားလုံးပါဝင်သည့် လုပ်ငန်းစဉ်ကို ထပ်မံပြုလုပ်ပါ။)

## လူကုန်ကူးခြင်းဆိုင်ရာအသိပညာ

ဤအခန်းသည် လူကုန်ကူးခြင်းနှင့်ဆိုင်သော အကြောင်းအရာများစွာနှင့် ဖုံးလွှမ်းနေကြောင်းရှင်းပြပါ။ ပါဝင်သူများအား ၎င်းတို့ သိရှိခဲ့သည့်အကြောင်းအရာ ဥပမာများပေးရန်ပြောကြားပါ။ ၎င်းတို့ဖော်ပြသည့်အထဲတွင် အောက်ပါဥပမာများ မပါဝင်ပါက ထပ်မံဖြည့်ပေးပါ။ ၎င်းတို့ကို သရုပ်ပြကားချပ်စာရွက်ပေါ်တွင် ရေးပေးပါ။

- လူကုန်ကူးခြင်းအဓိပ္ပါယ်
- ကလေးသူငယ်လူကုန်ကူးခြင်းအဓိပ္ပါယ်

• လူကုန်ကူးခြင်းနှင့် လူမှောင်ခိုအကြားကွာခြားချက်
• CSEC (လူငယ်များအား စီးပွားဖြစ် လိင်ခေါင်းပုံဖြတ်ခံရခြင်း) အပါအဝင် လိင်ဆက်ဆံရန်အလို့ငှာ လူကုန်ကူးခြင်းနှင့် ပြည့်တန်ဆာအဖြစ် အလုပ်လုပ်စေခြင်း
• အလုပ်သမားများအား ခေါင်းပုံဖြတ်ရန်လူကုန်ကူးခြင်း
• ကလေးအလုပ်သမားများအဖြစ် လူကုန်ကူးခြင်း
• လူကုန်ကူးခြင်းသည် နေရာတိုင်းတွင်ဖြစ်နိုင်သည်
• လူကုန်ကူးသူများ အသုံးပြုလေ့ရှိသည့် လှည့်စားမှုများ
• လူကုန်ကူးခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အကြားဆက်သွယ်မှု
• လူကုန်ကူးခြင်းနှင့် လိင်အမျိုးအစားကြား ဆက်သွယ်မှု
• လုံခြုံသောရွှေ့ပြောင်းခြင်းအတွက် မည်ကဲ့သို့ ပြင်ဆင်ရမည်နည်း
• လမ်းခရီးတွင် လုံခြုံနေအောင်ပြုလုပ်ခြင်း
• ရွှေ့ပြောင်းခြင်း ဦးတည်သည့်နေရာသို့ ရောက်ရှိပြီးနောက် လုံခြုံအောင် မည်ကဲ့သို့ပြုလုပ်ရမည်နည်း
• သင်လူကုန်ကူးခံရပါက မည်ကဲ့သို့ပြုလုပ်မည်နည်း။

ဤအခန်းသည် ၎င်းအချက်အလက်များအား အခြားသူများနှင့်အတူ မျှဝေပေးသည့် ခြားနားသောနည်းလမ်းဖြစ်ကြောင်း ရှင်းပြပါ။

## စကားပြောဆိုခြင်းဖြင့် အသိပညာမျှဝေခြင်း

**'ဤအချက်အလက်များသည် အခြားသူများအားလည်း ကူညီနိုင်မည်ဟုထင်ပါသလား။'** ဟုမေးပါ။ ပါဝင်သူများအား ဤအချက်အလက်များကို သင်ယူခြင်းဖြင့် အကျိုးကျေးဇူးရရှိနိုင်မည့် လူများ၏အမည်များကို ခေါ်ခိုင်းပါ။ သူတို့ပြောသည်ကို စာရင်းပြုလုပ်ထားပါ။ ၎င်းတို့အဆင့်တူများ၊ ၎င်းတို့မိဘများ၊ ပြည်တွင်း တာဝန်ရှိသူများ (သို့) ၎င်းတို့ကျောင်းတွင် အလုပ်လုပ်နေသူများအကြားတွင် ဤအချက်အလက်အား မျှဝေနိုင်သလားဆိုသည်ကို စဉ်းစားခိုင်းပါ။

စတင်ရန်၊ ၎င်းတို့သိရှိသည်ကို လူအများသို့ စကားပြောခြင်းမှတဆင့် အချက်အလက်မျှဝေခြင်းသည် အလွယ်ကူဆုံးနည်းလမ်းဖြစ်ကြောင်းရှင်းပြပါ။ ယခုအခါ ဤအချက်အလက်များအား သင်ယူခြင်းဖြင့် အကျိုးကျေးဇူးရရှိနိုင်မည့် လူစာရင်းအား ၎င်းတို့ကို ကြည့်ရှုခိုင်းပါ။

သူတို့ ဤစာရင်းပေါ်မှ မည်သူနှင့် စကားပြောနေကြဖြစ်ပါသလဲ။ (ပါဝင်သူများသည် ပြောကြားလာနိုင်သည်မှာ ၎င်းတို့၏ မိဘများနှင့် အဆင့်တူများနှင့် ၎င်းတို့ကျောင်းဆရာများလည်း ဖြစ်နိုင်ပါလိမ့်မည်။)

ဤသည်တို့မှာ လူငယ်များ အခြားသူများနှင့် လူကုန်ကူးခြင်းအကြောင်းပြောကြားခြင်း၏ ဥပမာများ ဖြစ်သည်။ (အဖွဲ့သို့ အသံထွက်၍ ဖတ်ပြပါ။): 'ကျွန်တော်ရဲ့အဒေါ်အလည်လာပြီး သူမရဲ့သမီး အခြားနိုင်ငံသို့ ရွှေ့ပြောင်းသွားခြင်းအကြောင်း ပြောတုန်းက၊ ကျွန်တော်ဟာ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှာ သင်ကြားခဲ့ရတဲ့အကြောင်းတွေ သူမနဲ့ပြောဖြစ်ခဲ့တယ်။ ကျွန်တော်ဟာ လုံခြုံတဲ့ရွှေ့ပြောင်းခြင်း စစ်ဆေးရန်စာရင်းကို သူမကိုပြသခဲ့ပါတယ်။'

'ကျွန်တော့်မှာ ကျောင်းမတက်တော့တဲ့ သူငယ်ချင်းတစ်ယောက်ရှိပါတယ်။ ကျွန်တော် သူမအိမ်သို့ အလည်သွားရာမှာ၊ သူမဟာ အလုပ်လုပ်လိုတဲ့အတွက်ကြောင့် ကျောင်းကနေထွက်လိုက်ကြောင်း ပြောပါတယ်။ ကျွန်တော်ဟာ ကျောင်းပြီးသွားပါက အလုပ်ကောင်းကောင်းရရန် ပိုဖြစ်နိုင်ကြောင်းနှင့်၊ သူမရဲ့မိဘတွေကို သူမကို ကျောင်းပြန်လာခိုင်းဖို့ ကူညီပြီးဖြောင်းဖြခဲ့ပါတယ်။'
'

ကျွန်တော့်အတန်းထဲက ကောင်မလေးတွေကို လုံခြုံသော ရွှေ့ပြောင်းခြင်းအကြောင်း ပြောပြခဲ့ပါတယ်။'

'ကျွန်တော်က အသက် ၁၈ နှစ် ရှိပါပြီ။ ကျွန်တော်အခြားနိုင်ငံမှာ အလုပ်သွားလုပ်လျှင် ပိုမိုကောင်းမွန်သော အနာဂါတ်ရရှိမည်ဟု ၎င်းတို့ထင်ကြောင်း ပြောပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှာ သင်ယူခဲ့ရတဲ့ အချက်အလက်တွေကို မျှဝေခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ လုံခြုံတဲ့ ပြောင်းရွှေ့မှုအတွက် အစီအစဉ်ကို အတူတကွ ပြုလုပ်ခဲ့ပါတယ်။'

'ကျွန်တော့်အခန်းထဲက ကောင်လေးတစ်ယောက်က အခြားမြို့သို့သွားရောက်ပြီး အလုပ်ရှာမည့်အကြောင်း ပြောလာပါတယ်။ ကျွန်တော်က သူ မသွားခင် ပြင်ဆင်ရမည်ဖြစ်ကြောင်း ပြောပါတယ်။ ကျွန်တော်က သူ့မှာ အလုပ်မရခဲ့ပါက ပြန်လာရန် လုံလောက်သောပိုက်ဆံ ရှိရန်လိုအပ်ကြောင်း၊ စာရွက်စာတမ်းမိတ္တူများကို သင့်မိဘများထံတွင် ထားခဲ့ရန်လိုအပ်ကြောင်း၊ အရေးပေါ်ဖုန်းနံပါတ်များ လိုအပ်ကြောင်းပြောခဲ့ပါတယ်။'

## အသိုင်းအဝိုင်းလှုပ်ရှားမှုမှတစ်ဆင့် အသိပညာမျှဝေခြင်း

နောက်လာမည့် အခန်းအနည်းငယ်တွင် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့သည် အဖွဲ့လိုက်အနေဖြင့် အသိုင်းအဝိုင်းအား ကူညီရန် အသိုင်းအဝိုင်းတွင်းလှုပ်ရှားမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။ ပါဝင်သူများအား ၎င်းတို့အသိုင်းအဝိုင်းတွင်း ၎င်းတို့တိုးတက်အောင် လုပ်ဆောင်လိုသည်များ သတ်မှတ်ခိုင်းပြီး ၎င်းတို့ကူညီလုပ်ကိုင်နိုင်သော အရာများအား စဉ်းစားခိုင်းပါ။ ဤပရောဂျက်တွင် တစ်စိတ်တစ်ပိုင်းပါဝင်ခြင်းသည် စေတနာ့ဝန်ထမ်းဖြစ်သည်။ အဖွဲ့ဝင်များသည် အကယ်၍ တစ်စိတ်တစ်ပိုင်း အဖြစ် မပါဝင်လိုပါက မပါဝင်နိုင်ကြောင်း ပြောပါ။ အကယ်၍ ၎င်းတို့သည် မည်သည့်နေရာတွင် ပါဝင်လိုကြောင်း ဆွေးနွေးလိုပါက၊ အခန်းပြီးနောက် စာသင်ခန်းအတွင်း ကျန်ခဲ့နိုင်ကြောင်းရှင်းပြပါ။ အဖွဲ့မှ ပြုလုပ်သော အသိုင်းအဝိုင်းလှုပ်ရှားမှုသည် ကြီး (သို့) ငယ် နိုင်ကြောင်းရှင်းပြပါ။ အောက်ပါတို့မှာ အသိုင်းအဝိုင်းလှုပ်ရှားမှုများ၏ ဥပမာများဖြစ်သည်။

• ရိုးရာသီချင်းအတွက် စာသားအသစ်များ ရေးသားခြင်း။ စာသားများသည် မည်ကဲ့သို့ လုံခြုံသောရွှေ့ပြောင်းမှု ပြုလုပ်ရမည်ကို ရှင်းပြသည်။ သီချင်းအား သင့်ကျောင်းမှ လူငယ်များနှင့်မျှဝေပါ။

• ပိုစတာများပြုလုပ်ပြီး သင့်အသိပညာအသစ်များကို အသိုင်းအဝိုင်းသို့ မျှဝေခြင်း။ ဥပမာ၊ သင်သည် ကျောင်းတွင်လုံခြုံသော ရွှေ့ပြောင်းခြင်းအား ရှင်းပြထားသည်ကို ချိတ်ဆွဲရန် ခွင့်ပြုချက်ရရှိမည်ဖြစ်သည်။

• သင့်အသိပညာအသစ်အား မျှဝေရန် လက်ကမ်းစာစောင်များပြုလုပ်ခြင်း။ ဥပမာ၊ သင်သည် ခရီးစဉ်တွင် ပုံမှန်ပြုလုပ်နေကြ လုပ်ရည်စားမှုများကို ရှင်းပြသည့်လမ်းကမ်းစာစောင်ကို ပြုလုပ်ရနိုင်ပြီး၊ ဘတ်စ်ကားကုမ္ပဏီများ (နှင့်တာဝန်ရှိသူများ၊ လိုအပ်ပါက) ထံမှ ခွင့်ပြုချက်ရယူပြီး ဘတ်စ်ကားပေါ်တွင် လိုက်ပါလာသောလူငယ်များကို လက်ဆင့်ကမ်းဝေမျှနိုင်မည်ဖြစ်သည်။

• လူကုန်ကူးမှုအန္တရာယ် အဓိကလုပ်ဆောင်မှု သရုပ်ဆောင်မှု ဖန်တီးခြင်းနှင့် ကျေးရွာတွင် ဤလုပ်ဆောင်မှုကို ပြုလုပ်ခြင်း။

• လူကုန်ကူးမှုအန္တရာယ်အကြောင်း အချက်အလက်စာရွက်ဖန်တီးခြင်းနှင့် ၎င်းကို ရွှေ့ပြောင်းသူများကို ကူညီနိုင်မည့် ဘတ်စ်ကားမောင်းသူများနှင့် ပြည်တွင်းတာဝန်ရှိသူကဲ့သို့သော သူများအားမျှဝေခြင်း။

• ကျွမ်းကျင်သောလမ်းပြ ဖေ့စ်ဘွတ်စာမျက်နှာအား အဖွဲ့တွင်ပါဝင်သူများနှင့်အတူ ဖန်တီးခြင်း၊ ထို့ကြောင့် သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အမြဲထိတွေ့နေပြီး လုံခြုံသောရွှေ့ပြောင်းမှုအတွက် အတွေ့အကြုံများအကြောင်း မျှဝေနိုင်မည် ဖြစ်သည်။ဤစာမျက်နှာသည် ကိုယ်ရေးကိုယ်တာအနေဖြင့် ထားရှိရမည်ဖြစ်သည်၊ သို့မှသာ လူစိမ်းများ မဆက်သွယ်နိုင်မည် ဖြစ်သည်။ ၎င်းသည် သူတို့၏လုံခြုံမှုကို သေချာစေရန်အတွက် အရေးကြီးပါသည်။ ဤစာမျက်နှာအား ပြုလုပ်ရန်၊ ပါဝင်သူများသည် လုံခြုံစိတ်ချစွာဖြင့် ၎င်းအား ပြီးမြောက်မှုကို သေချာရန် လူကြီးဦးဆောင်သူထံမှ အကူအညီကို ရယူရန်လိုအပ်နိုင်သည်။

• သင့်ကျောင်းထံမှ အရေးပေါ်ဖုန်းနံပါတ်အား ကျောင်းမှ ကျောင်းသားတိုင်းကို သင်ကြားရန် ခွင့်ပြုချက်ရယူရမည် ဖြစ်သည်၊ ပြီးလျှင် ကစားကွင်းတွင် စုစည်းစေပြီး ဤလုပ်ဆောင်ချက်ကို လုပ်ဆောင်သင့်သည်။

• လူကုန်ကူးခြင်းအကြောင်း ပြောကြားရန် သင့်ကိုယ်ပိုင်အဖွဲ့တစ်ခုအား စတင်ရမည်။

၎င်းတို့မှာ ဥပမာများသာဖြစ်ကြောင်း ရှင်းပြပါ။ ပါဝင်သူများသည် ဤဥပမာများတွင် ပြောကြားသည်များအတိုင်း တူညီစွာ လိုက်လံလုပ်ဆောင်ရန် မလိုအပ်ပါ။ သူတို့သည် သူတို့အကြံဉာဏ်များအား ကိုယ်တိုင်စဉ်းစားရမည်ဖြစ်သည်။ သို့သော် ဤနေရာတွင် ပေးထားသည့် ဥပမာများသည် အသိုင်းအဝိုင်းတွင်း လှုပ်ရှားမှုများသည် မည်မျှကြီး၍ မည်မျှသေးကြောင်းနှင့် ကွဲပြားခြားနားသောပုံစံများဖြင့် ပြုလုပ်၍ရနိုင်ကြောင်း ၎င်းတို့အားနားလည်မှု ရရှိသွားစေရန်ဖြစ်သည်။

## နောက်ဆုံး-စစ်ဆေးခြင်းအားကြီးကြပ်ပြုလုပ်ခြင်း

နောက်ဆုံးစစ်ဆေးခြင်းအား ကြီးကြပ်ပြုလုပ်ခြင်းကို ပါဝင်သူများထဲမှ မပါဝင်သူများရှိနိုင်သည့်အတွက် အသိုင်းအဝိုင်းတွင်း လှုပ်ရှားမှုလုပ်ဆောင်ချက်များ မပြုလုပ်မီ စစ်ဆေးသင့်သည်။ ၎င်းသည် World Vision ၏ လူငယ်များ ဤနေရာမှ ဤအကြောင်းအရာများနှင့် ပါတ်သက်ပြီး များစွာသိရှိသွားသည်ကို သိရှိရန်ဖြစ်သည်။ ထပ်မံ၍၊ ပတ်ဝန်းကျင် အနေအထားသည် သက်တောင့်သက်သာနှင့်ကြိုဆိုမှု ဖြစ်နေရန်အရေးကြီးပါသည်။ အကယ်၍လူငယ်များသည် ၎င်းတို့ အဖြေများကို ဦးဆောင်သူများသို့ စကားပြော၍ဖြေရန် အလိုရှိပါက ဖြေဆိုနိုင်ပါသည်။

ဤအကြောင်းအရာအား ပါဝင်သူများထံသို့ဖတ်ပြပါ။

မင်္ဂလာပါ။ ကျွန်တော်တို့ဟာ ဤသင်ကြားမှုထဲမှ သင်ကြားခဲ့သော အကြောင်းအရာများအကြောင်း ဘယ်လောက်သိသလဲဆိုတာ စဉ်းစားလို့ရအောင် ပုံစံတစ်ခုကို ဖြည့်ရမှာဖြစ်ပါတယ်။ ဒီပုံစံဟာ World Vision အတွက်ဖြစ်ပြီး၊ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ သင်ကြားမှုကို ပိုပြီးတိုးတက်အောင် ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

သင်ဟာမေးခွန်းများကို ဦးဆောင်သူကို ဖတ်ခိုင်းတာကို ပိုနှစ်သက်ပြီး၊ သင့်အဖြေများကို ချရေးလိုတယ်ဆိုရင်၊ ဦးဆောင်သူကို အသိပေးလိုက်ရုံပါပဲ။ 'IS 27: နောက်ဆုံးစစ်ဆေးခြင်း' မိတ္တူများကို ပါဝင်သူများထံသို့ လက်ဆင့်ကမ်းပေးပါ၊ သို့မဟုတ် ပါဝင်သူများဘေးတွင် တစ်ဦးစီကပ်ထိုင်၍ ဖတ်ပြပြီးအဖြေများကို မှတ်တမ်းတင်ထားပါ။ နောက်ဆုံးစစ်ဆေးခြင်းများကို အကြိုစစ်ဆေးခြင်းနှင့် နှိုင်းယှဉ်ရန် နောက်ဆုံးစစ်ဆေးခြင်းပြုလုပ်ပြီးနောက် သိမ်းဆည်းပါ။

## နေ့စဉ်မှတ်တမ်း

ပါဝင်သူများအား ၎င်းတို့အသစ်သိရှိသော အသိပညာများအား မျှဝေနိုင်မည့် နည်းလမ်းများ အကြောင်းရေးခိုင်းပါ။ ၎င်းတို့အသိုင်းအဝိုင်းမှ လူများအား အကြိမ်မည်မျှပြောခဲ့သလဲဆိုသည်ကို တတ်နိုင်သမျှစဉ်းစားရန်နှင့် အသိုင်းအဝိုင်းတွင်း လှုပ်ရှားမှုများကို ၎င်းတို့အဖွဲ့အနေဖြင့် ပြုလုပ်နိုင်မည့်ဖြစ်နိုင်သည့် အသိုင်းအဝိုင်းလှုပ်ရှားမှုများကို စဉ်းစားခိုင်းပါ။

## အခန်းအနှစ်ချုပ်

- သင်သည် ဤသင်ရိုးညွှန်းတမ်းအတွင်းမှ သင်သိရှိခဲ့သော အကြောင်းအရာများအား မျှဝေခြင်းဖြင့် အခြားသူများအား လူကုန်ကူးခံရခြင်းမှ ကာကွယ်ရန် ကူညီပေးနိုင်သည်။
- အချက်အလက်အား မျှဝေနိုင်သည့်နည်းလမ်းတစ်ခုမှာ ၎င်းကို အခြားသူများသို့ ပြောဆိုခြင်းဖြစ်သည်။
- အချက်အလက်မျှဝေနိုင်သည့် အခြားနည်းလမ်းတစ်ခုမှာ နောက်လာမည့် အခန်းအနည်းငယ်တွင် ကျွန်ုပ်တို့အတူတကွ ပြုလုပ်မည့် အသိုင်းအဝိုင်းတွင်းလှုပ်ရှားမှုတစ်ဆင့် ဖြစ်သည်။
- သင်သည် မပါဝင်ချင်ပါက အသိုင်းအဝိုင်းတွင်း လှုပ်ရှားမှုတွင်မပါဝင်ပဲနေနိုင်သည်။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများသည် မေးခွန်းများမေးခြင်းနှင့်/ (သို့) တုန့်ပြန်မှုများပေးခြင်းကို ရေးသားရန်တောင်းဆိုမည်ဖြစ်ပြီး ၎င်းတို့ကို ဦးဆောင်သူများအား အမည်လျှို့ဝှက်ပြီး ပေးရန်ပြောကြားပါ။

လာရောက်သူအားလုံးကို ကျေးဇူးတင်ပါသည်။ ဒီနေ့လာရောက်တဲ့အတွက် ကြယ်တစ်လုံးထပ်မံရရှိကြောင်း ၎င်းတို့ကိုပြောကြားပါ။ IS 27b: အသိုင်းအဝိုင်းအတွင်း လှုပ်ရှားမှုခွင့်ပြုချက်ပုံစံမိတ္တူအား လက်ဆင့်ကမ်းပေးပြီး ၎င်းမှာ မိမိဆန္ဒအတိုင်းသာဖြစ်ကြောင်း ရှင်းပြပါ။

ပါဝင်သူများအား ၎င်းတွင် သူတို့မိဘများ (သို့) ပြုစုစောင့်ရှောက်သူများ လက်မှတ်ထိုးရန် ပြောကြားပါ။ ၎င်းတို့အား အသိုင်းအဝိုင်းတွင်း လှုပ်ရှားမှုတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်လိုပါက သဘောတူညီမှုရရှိရန်လိုအပ်ကြောင်းနှင့် လက်မှတ်ထိုးရန်ပုံစံကို နောက်လာမည့်အခန်းတွင် ယူလာခဲ့ရန်လိုအပ် ကြောင်းရှင်းပြပါ။ (အကယ်၍သင်သည် ပါဝင်သူများက ၎င်းအားပြုလုပ်ပေးမည်ကို ပူပန်ပါက၊ မိဘများ/ ပြုစုစောင့်ရှောက်သူများမှ သဘောတူညီမှုပုံစံကို ပြီးမြောက်စေရန် အခြားနည်းလမ်းတစ်ခုကို ရှာပါ။)

**အခန်းပြီးဆုံးပြီးနောက်: အကြိုနှင့်နောက်ဆုံး စစ်ဆေးခြင်းကိုနှိုင်းယှဉ်ပါ**

ကလေးများ နောက်ဆုံးစစ်ဆေးခြင်းများ ပြီးဆုံးသောအခါ ၎င်းတို့ကို အကြိုစစ်ဆေးခြင်းနှင့် နှိုင်းယှဉ်ပါ။ အဖြေများကို နှိုင်းယှဉ်ပြီး ကျောင်းသားများ ဘယ်လောက်သင်ယူပြီးမြောက်သလဲဆိုသည်ကို ကြည့်ပါ။ အောက်ပါတို့ကိုကြည့်ရှုပါ။

- အသိပညာများပြောင်းလဲမှု
- အရည်အချင်းများပြောင်းလဲမှု
- အပြုအမူများပြောင်းလဲမှုစသည်။

ဦးဆောင်သူများသည် အကြိုနှင့်နောက်ဆုံးစစ်ဆေးမှု နှိုင်းယှဉ်ခြင်းမှ ရရှိလာသောအချက်အလက်များကို အောက်ပါတို့အတွက် အသုံးပြုသင့်သည်။

• အနာဂါတ်သင်တန်းသင်ကြားမှုတွင် လိုက်ဖက်အောင်ပြင်ဆင်ခြင်း။ ဥပမာ အကယ်၍ ကျောင်းသားများ အကြောင်းအရာအား နားမလည်ပါက၊ နောက်လာမည့်အခန်းတွင် အချိန်ပိုမိုယူခြင်း။
• World Vision သို့ သင်တန်းမှအားသာချက် အားနည်းချက်များ ဧရိယာများကို သတင်းပို့သင့်သည်၊ သို့မှသာ သင်တန်းအား လိုက်ဖက်ညီစေရန်အတွက် တိုးတက်အောင်ပြုလုပ်မည်ဖြစ်သည်။

# IS 27a: နောက်ဆုံး-စစ်ဆေးခြင်း

အမည် ------------------------------------------------------------

နေ့စွဲ ------------------------------------------------------------

အဖွဲ့နေရာ ----------------------------------------------------------

## မေးခွန်းများ

1 'လူကုန်ကူးခြင်း' အဓိပ္ပါယ်ကိုဖော်ပြပါ။

2 လူကုန်ကူးခြင်းနှင့် လူမှောင်ခိုများအကြား ကွာခြားချက်ကို ဖော်ပြပါ။။

3 လူကုန်ကူးခြင်း မည်သည့်နေရာများတွင် ဖြစ်ပါသလဲ။

4 လူကုန်ကူးသူများ၏ အသုံးများသောလှည့်စားမှုအချို့ကို ဖော်ပြပါ။။

5 ကောင်းမွန်သော စကားပြောခြင်းအရည်အချင်းကို သင်ဖော်ပြနိုင်ပါသလား။

6 ကောင်းမွန်သော နားထောင်မှုအရည်အချင်းကို သင်ဖော်ပြနိုင်ပါသလား။

7 သင်သည် ဤအဖွဲ့တွင်သင်ယူခဲ့သော ဆုံးဖြတ်ချက်ချမှတ်ခြင်း အရည်အချင်းကို သင့်ဘဝအတွက် အသုံးပြုနိုင်ပါလား။ အကယ်၍ ရပါက၊မည်ကဲ့သို့ အသုံးချမည်ကိုဖော်ပြပါ

8 သင်သည် ဤအဖွဲ့တွင်သင်ယူခဲ့သော ဆက်သွယ်ခြင်းအရည်အချင်းကို သင့်ဘဝအတွက်အသုံးပြုနိုင်ပါလား။ အကယ်၍ ရပါက မည်ကဲ့သို့အသုံးချမည်ကိုဖော်ပြပါ

9 မူးယစ်ဆေးဝါးသည် လူကို မည်ကဲ့သို့ထိခိုက်စေနိုင်ကြောင်း ရှင်းပြနိုင်ပါသား။

10 ရွှေ့ပြောင်းစဉ်တွင် လုံခြုံမှုရှိနေစေရန် လုပ်ဆောင်ရမည့်အချက်နှစ်ချက်ကိုဖော်ပြပါ

11 အကယ်၍သင်သည် အန္တရာယ်ကြုံတွေနေရချိန် (သို့) လူကုန်ကူးခံခဲ့ရပါက ဆက်သွယ်ရန် သင့်တိုင်းပြည်မှ အရေးပေါ် တယ်လီဖုန်းနံပါတ်များမှာ မည်သည့်နံပါတ်များဖြစ်သနည်း။

12 အကယ်၍သင်သည် အန္တရာယ်ကြုံတွေနေရချိန် (သို့) လူကုန်ကူးခံခဲ့ရပါက ဆက်သွယ်ရန် သင်ရောက်ရှိသောကျွန်ုပ်တို့နိုင်ငံ နှင့် အနီးအနားနိုင်ငံမှ အရေးပေါ် တယ်လီဖုန်းနံပါတ်များမှာ မည်သည့်နံပါတ်များ ဖြစ်သနည်း။

13 နိုင်ငံကူးလက်မှတ်ဆိုတာဘာလဲ။

14 ပြည်ဝင်ခွင့်ဆိုတာဘာလဲ။

15 အလုပ်ပြည်ဝင်ခွင့်နှင့် အလည်အပါတ်ပြည်ဝင်ခွင့်ကွာခြားမှုက ဘာလဲ။

16 အကယ်၍သင်သည် ရွှေ့ပြောင်းမည်ဆိုပါက၊ ရွှေ့ပြောင်းခြင်းကို ပိုမိုလုံခြုံမှုရှိစေရန် မည့်သည့်အဆင့်များကို ပြုလုပ်သင့်ပါသလဲ။ ဤအဆင့်များကို သင်ပြုလုပ်မည်လား။ ဘာကြောင့်လုပ်မှာလဲ (သို့) ဘာကြောင့်မလုပ်ဘူးလဲ။

17 သင်သည် အသိုင်းအဝိုင်းတွင်းလှုပ်ရှားမှု လုပ်ဆောင်ချက်တွင် ပါဝင်ပါမည်လား။

18 ၎င်းသည် အသိုင်းအဝိုင်းအား ကူညီနိုင်မည်ဟု သင်ထင်ပါသလား။ အကယ်၍ထင်သည်ဆိုပါက၊ မည်ကဲ့သို့ဆိုသည်ကို ရှင်းပြနိုင်ပါသလား။

19 ၎င်းသည် သင့်ကိုအရည်အချင်းအသစ်များ သင်ယူရန်ကူညီပေးသည်ဟု ထင်ပါသလား။ အကယ်၍ ဟုတ်သည်ဆိုပါက၊ မည်ကဲ့သို့ဆိုသည်ကို ရှင်းပြနိုင်ပါသလား။

# IS 27a အဖြေများ

# နောက်ဆုံး-စစ်ဆေးခြင်း

ဦးဆောင်သူ၏ကိုးကားရန်အတွက်သာ

ပါဝင်သူများသည် ခြားနားသောစကားလုံးများဖြင့် ဖြေဆိုလာနိုင်သော်လည်း ၎င်းမှာအဆင်ပြေပါသည်။ အရေးကြီးသောအချက်မှာ စကားလုံး၏ နောက်ကွယ်မှ အဓိပ္ပါယ်ကို ၎င်းတို့နားလည်ရန်ဖြစ်သည်။

ပါဝင်သူများအား ရလဒ်များအား မျှဝေခြင်းမပြုပါနှင့်။ ဤအရာမှာ ကျောင်းမှစာမေးပွဲ မဟုတ်ပါ။ ပါဝင်သူများအား အဆင့်များပေးမည် မဟုတ်ပါ။ သင်သည် ပါဝင်သူတစ်ယောက်အား သူ(သို့) သူမ ဖြေဆိုသည်မှာ အရမ်းကောင်းသည်ဟု ပြောခဲ့ပါက၊ ၎င်းသည် အခြားသူများအား ၎င်းတို့ဖြေဆိုမှုသည် မကောင်းပါဟု ထင်မြင်သွားနိုင်ပြီး ၎င်းတို့အား အဖွဲ့မှ ထွက်ခွာသွားခြင်း ရလဒ်ကိုဖြစ်ပေါ်စေနိုင်သည်။ နားမလည်သည့် ပါဝင်သူများမှာ ကျွန်ုပ်တို့ အများဆုံးကူညီပေးရမည့် ကလေးများ ဖြစ်နေနိုင်သည်။

**၁. 'လူကုန်ကူးခြင်း' အဓိပ္ပါယ်ကိုဖော်ပြပါ။**

• လူကုန်ကူးခြင်းဆိုသည်မှာ လိမ်လည်ခြင်း (သို့) အတင်းအဓမ္မအနေဖြင့် လူများအား အလုပ်ခေါင်းပုံဖြတ်သည့်ပုံစံသို့ ပြုလုပ်ခြင်းဖြစ်သည်။ လူကုန်ကူးခြင်းသည် များသောအားဖြင့် ၎င်းတို့နေထိုင်ရာနေရာမှ ခေါင်းပုံဖြတ်ရန်အတွက်၊ အခြားနေရာသို့၊ အတင်းအဓမ္မအနေဖြင့် ပြုလုပ်ခြင်းများပါဝင်သည်။ သို့သော် သင်သည်မ ရွှေ့ပြောင်းမရွှေ့လိုက်ရပဲ လူကုန်ကူးခြင်းခံရနိုင်သည်။

**၂. လူကုန်ကူးခြင်းနှင့်လူမှောင်ခိုများအကြားကွာခြားချက်ကိုဖော်ပြပါ။။**

• လူကုန်ကူးခြင်းသည် လူမှောင်ခိုနှင့် ကွာခြားပါသည်။ လူများမှောင်ခိုပို့ဆောင်ခြင်းဆိုသည်မှာ၊ သူတို့သည် တစ်စုံတစ်ယောက်အား နယ်ခြားမျဉ်းအား တရားမဝင်ဖြတ်သန်းရန် ငွေပေးခြင်းဖြစ်သည်။ လူမှောင်ခို ပို့ဆောင်သူများသည် ပြောင်းရွှေ့သည့်အတွက်ငွေပေးရပြီး၊ ၎င်းတို့ခရီးစဉ်ပြီးဆုံးပါက ငွေရရှိကြသည်၊ ၎င်းတို့သည် များသောအားဖြင့် ခရီးစဉ်သို့ ရောက်ရှိပါက လွတ်လပ်စွာသွားလာနိုင်သည်။ လူကုန်ကူးခံရသူများသည် မလွတ်လပ်ကြပါ။ လူများသည် မှောင်ခိုသွားရန် ရွေးချယ်ကြသည်။ လူကုန်ကူးခံရရန် မရွေးချယ်ကြပါ။

**၃. လူကုန်ကူးခြင်းမည်သည့်နေရာများတွင်ဖြစ်ပါသလဲ။**

• လူကုန်ကူးခြင်းသည် နေရာတိုင်းတွင် ဖြစ်နိုင်သည် – အိမ်တွင်၊ ခရီးသွားစဉ်၊ ဦးတည်သောနေရာတွင်။ သင်သည် နေရာမှ ရွှေ့ပြောင်းမရွှေ့ပဲလူကုန်ခြင်းခံရနိုင်သည်။

**၄. လူကုန်ကူးသူများ၏အသုံးများသောလှည့်စားမှုအချို့ကိုဖော်ပြပါ။။**

• ကောင်းမွန်သောဆက်ဆံရေးသည် သင်အခြားသူများအား ယုံကြည်စေရန် အသုံးပြုသော ဆက်သွယ်နည်းဖြစ်သည် – သင်ပြောလိုသော အကြောင်းအရာကို စိတ်အားထက်သန်မှု (သို့) နိမ့်ချမှုများ မပါဝင်ပဲပြောဆိုခြင်း။ ကောင်းမွန်သော ဆက်သွယ်ခြင်းတွင်သင့်ကိုယ်သင်ကာကွယ်ရန် သင်သည်ယဉ်ကျေးစွာပြောဆိုပါ။

**၅. ကောင်းမွန်သောစကားပြောခြင်းအရည်အချင်းကိုသင်ဖော်ပြနိုင်ပါသလား။**

• ကောင်းမွန်သောစကားပြောခြင်းဆိုသည်မှာ သင့်ဆိုလိုရင်းအား၊ ယဉ်ကျေးစွာဖြင့် ပြောဆိုခြင်းဖြစ်သည်။ ကိုယ့်ကိုယ်ကို ယုံကြည့်သည့်ပုံစံကို စိတ်အားထက်အားသန်ခြင်း (သို့) နိမ့်ချစွာဆက်ဆံခြင်းအစား အသုံးပြုနိုင်သည်။ သင့်ကိုယ်သင် ကာကွယ်ရန်လိုအပ်သည့်အရာကို ယဉ်ကျေးစွာပြောဆိုပါ။

**6. ကောင်းမွန်သော နားထောင်မှုအရည်အချင်းကို သင်ဖော်ပြနိုင်ပါသလား။**

- လူတစ်ယောက်ပြောနေစဉ် အကြောင်းအရာကိုတွေးတောပါ။
- သင်နားမလည်သောအကြောင်းအရာများကို မေးခွန်းများပြန်လည်မေးပါ။
- ဘာပြောခဲ့သည်ကို သင့်စကားလုံးများတွင် ထပ်၍ပြောပေးပါ။

**7. သင်သည် ဤအဖွဲ့တွင် သင်ယူခဲ့သော ကောင်းမွန်သည့်ဆက်သွယ်မှု အရည်အချင်းကို သင့်ဘဝအတွက် အသုံးပြုနိုင်ပါလား။ အကယ်၍ ရပါက၊ မည်ကဲ့သို့အသုံးချမည်ကိုဖော်ပြပါ။**

- အကယ်၍ ပါဝင်သူများသည် ၎င်းအရည်အချင်များကို အသုံးပြုပါက သူတို့ဤနေရာတွင် ၎င်းတို့ကိုရှင်းပြနိုင်ပါလိမ့်မည်။

**8. လူကုန်ကူးသူများ၏ အသုံးများသောလှည့်စားမှုအချို့ကိုဖော်ပြပါ။။**

- တရားဝင်ပွဲစားအနေဖြင့် ဟန်ဆောင်ခြင်း။
- လူကုန်ကူးသူများသည် သူငယ်ချင်းအဖြစ်(သို့) ကူညီချင်သည့်ပုံစံဖြင့် ဟန်ဆောင်ခြင်း။
- လူကုန်ကူးသူများသည် မြင့်မားသောလစာဖြင့် အလုပ်များကို ကမ်းလှမ်းပါလိမ့်မည်၊ များသောအားဖြင့် ပုံမှန်လစာများထက် မြင့်မားသော လစာ ဖြစ်ပါလိမ့်မည်။
- လူကုန်ကူးသူများသည် ပြောင်းရွှေ့မှုအား လက်မှတ်ထိုးခြင်းကို အခမဲ့၊ (သို့) ပြောင်းရွှေ့မှုအတွက် လမ်းစရိတ်ငွေပေးခြင်း (သို့) ချေးငှားခြင်းအား သူ (သို့) သူမ အလုပ်တွင်းဝင်ရောက်မှုအား သေချာစေရန် ပြုလုပ်တတ်ကြသည်။ လူကုန်ကူးသူများသည် သားကောင်ကို ၎င်းတို့ထံသို့ ငွေအကြွေးတင်မှု သေချာစေရန် ပြုလုပ်တတ်ကြသည်။
- လူကုန်ကူးသူများသည် ရွှေ့ပြောင်းသူများ၏ သက်သေခံစာရွက်စာတမ်းများ၊ များသောအားဖြင့် နိုင်ငံကူးလက်မှတ်များအား ယူဆောင်ထားတတ်ကြသည်။
- လူကုန်ကူးသူများသည် ရွှေ့ပြောင်းသူများအား စက်ရုံများသို့ ရောက်ရှိအောင်လိမ်လည်တတ်ကြသည်။

**9. မူးယစ်ဆေးဝါးသည်လူကိုမည်ကဲ့သို့ထိခိုက်စေနိုင်ကြောင်းရှင်းပြနိုင်ပါသား။**

- ၎င်းတို့သည်သင့်ကိုယ်ခန္ဓာအားကာလရှည်ထိခိုက်စေသည် – သင့်နှလုံး၊အဆုတ်၊အသည်း၊ကျောက်ကပ်တို့ကိုထိခိုက်စေသည်။
- မူးယစ်ဆေးဝါးများတွင် လူများသေဆုံးသည့်အဖြစ်သို့ ရောက်ရှိစေသော၊ မှားယွင်းစွာဖြင့် မူယစ်ဆေးပမာဏများပြားစွာ သုံးစွဲမိခြင်းဖြစ်သည့် ဆေးလွန်ခြင်းများ ဖြစ်နိုင်သည်။
- လူများသည် HIV နှင့် အခြားရောဂါပိုးများအား ဆေးထိုးသွင်းစဉ် ဆေးထိုးအပ်မျှဝေသုံးစွဲရာမှ ကူးစက်နိုင်သည်။
- မူးယစ်ဆေးများသုံးစွဲခြင်းဖြင့် သင်ပုံမှန်အချိန်တွင် မပြုလုပ်သော စွန့်စားမှုများအားပြုလုပ်နိုင်သည်။

**10. သင်ဆုံးဖြတ်ချက်ချချိန်တွင် မည်သည့်အရာများကိုစဉ်းစားနိုင်ပါသလဲ။**

- သင်စဉ်းစားနေသော အကြောင်းအရာအကြောင်း ပိုမိုလေ့လာပါ။
- အခြားသောအရာများကို စာရင်းလုပ်ပါ။
- အန္တရာယ်နှင့်အကျိုးကျေးဇူးကိုတွက်ချက်ပါ။

**11. ခရီးစဉ်တွင် လုံခြုံမှုရှိနေစေရန် လုပ်ဆောင်ရမည့်အချက်နှစ်ချက်ကိုဖော်ပြပါ:**

- စစ်ဆေးရန်စာရင်းမှ အရာများကိုသင်မသွားမီဖြည့်စည်းပါ။
- ပတ်စပို့ (သို့) အလုပ်ဗီဇာကဲ့သို့ တရားဝင်သွားလာမှုစာရွက်စာတမ်းများကို တတ်နိုင်သမျှယူပါ၊ အကယ်၍ဖြစ်နိုင်မည်ဆိုပါက။
- သင့်စာရွက်စာတမ်းများ၏ မိတ္တူကို သင့်မိသားစုထံတွင်ထားခဲ့ပါ ( အကယ်၍သင်ဒုက္ခရောက်လျှင် (သို့) သင့်စာရွက်စာတမ်းများ ပျောက်ဆုံးခဲ့လျှင် ၎င်းသည်သင့်ကို ကူညီပါလိမ့်မည်)။
- သင့်ခရီးစရိတ်၊ အလုပ်မရှိပဲခဏတာနေရန်နှင့် အိမ်ပြန်ရန်လုံလောက်သော ပိုက်ဆံယူဆောင်သွားပါ။

• သင့်စာစောင်၊ သင့်အသိအမှတ်ပြုစာရွက်စာတမ်းများနှင့်၊ သင့်ပိုက်ဆံများအား လုံခြုံသောနေရာတွင် ဖွက်ထားပါ။
• သင်နှင့်တူညီသော ပြောင်းရွှေ့သူများနှင့် အတူခရီးသွားပါ (များပြားသောလူများအား တစ်ကြိမ်တည်းလှည့်စားရန် ခက်ခဲပါလိမ့်မည်။ အဖွဲ့အတွင်းတွင်ရှိနေခြင်းသည် သင့်တွင်အကူအညီတောင်းရန် သူငယ်ချင်းရှိသည်ဟုဆိုလိုပါသည်)။
• ဘတ်စ်ကားပေါ်မှ လူစိမ်းများအား မသင်္ကာဖွယ်အနေဖြင့် သတိထားပါ (သူတို့သည် လူကုန်ကူးသူများ ဖြစ်နိုင်သည်)။
• အကယ်၍ တစ်စုံတစ်ယောက်သည် သင့်စာရွက်စာတမ်းများအား လွှဲပြောင်းပေးရန် အတင်းစေခိုင်းလာပါက၊ အခြားခရီးသွားသူများ (သို့) တာဝန်ရှိသူများအား အကူအညီတောင်းခံပါ။
• ဘတ်စ်ကားမှတ်တိုင်မှ လူစိမ်းနောက်သို့ မလိုက်ပါနှင့်။
• အများသုံး သယ်ယူပို့ဆောင်ရေးကိုသုံးပါ၊ သီးသန့်ကား (သို့) မီနီဘတ်စ်ကားများ အသုံးပြုခြင်းကိုရှောင်ရှားပါ။

**12.သင့်တိုင်းပြည်မှ အရေးပေါ်တယ်လီဖုန်းနံပါတ်များမှာ မည်သည့်နံပါတ်များဖြစ်သနည်း။**
• ဤမေးခွန်းအတွက်အဖြေမှာ သင်ရိုးညွှန်းတမ်းတစ်လျှောက် သင်ကြားခဲ့သော နံပါတ်များဖြစ်သည်။

**13.သင်ရောက်ရှိသော သင်တို့နိုင်ငံနှင့် အနီးအနားနိုင်ငံမှ အရေးပေါ်တယ်လီဖုန်းနံပါတ်များမှာ မည်သည့်နံပါတ်များ ဖြစ်သနည်း။**
• ကျောင်းသားများသည် အရေးပေါ်နံပါတ်များ (သို့) IS 25c တွင် ဖော်ပြထားသော စာရင်းမှနံပါတ်များအား ဖော်ပြနိုင်ရမည်။

**14. နိုင်ငံကူးလက်မှတ်ဆိုတာဘာလဲ။**
• ပတ်စပိုစ်ဆိုသည်မှာ နိုင်ငံမှထွက်ခွာရန် ခွင့်ပြုသည့် အစိုးရမှထုတ်ပေးထားသော စာရွက်စာတန်းဖြစ်သည်။

**15.ပြည်ဝင်ခွင့်ဆိုတာဘာလဲ။**
• ပြည်ဝင်ခွင့်ဆိုသည်မှာ သင့်နိုင်ငံကူးလက်မှတ်အတွင်းတွင် အခြားနိုင်ငံသို့ ဝင်ရောက်ရန် ခွင့်ပြုသည့်တံဆိပ်တုံးနှိပ်ခြင်း (သို့) စတေကာကပ်ခြင်း ဖြစ်သည်။

**16.အလုပ်ပြည်ဝင်ခွင့်နှင့်အလည်အပါတ်ပြည်ဝင်ခွင့်ကွာခြားမှုကဘာလဲ။**
• အလုပ်ပြည်ဝင်ခွင့်သည် အခြားနိုင်ငံတွင် တရားဝင်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုသည်။ အလည်အပါတ်ပြည်ဝင်ခွင့်သည် လည်ပါတ်ရန်အတွက် သာ ဖြစ်ပြီး၊အလုပ်လုပ်၍မရပါ။

**17.အကယ်၍သင်သည် ရွှေ့ပြောင်းမည်ဆိုပါက၊ ရွှေ့ပြောင်းခြင်းကို ပိုမိုလုံခြုံမှုရှိစေရန် မည်သည့်အဆင့်များကို ပြုလုပ်သင့်ပါသလဲ။ဤအဆင့်များကို သင်ပြုလုပ်မည်လား။ ဘာကြောင့်လုပ်မှာလဲ (သို့) ဘာကြောင့်မလုပ်ဘူးလဲ။**

**18.သင်သည် အသိုင်းအဝိုင်းတွင်းလှုပ်ရှားမှု လုပ်ဆောင်ချက်တွင် ပါဝင်ပါမည်လား။ ၎င်းသည် အသိုင်းအဝိုင်းအား ကူညီနိုင်မည်ဟု သင်ထင်ပါသလား။ အကယ်၍ ထင်သည်ဆိုပါက၊ မည်ကဲ့သို့ဆိုသည်ကို ရှင်းပြနိုင်ပါသလား။**
• ဤမေးခွန်းတွင် 'မှန်' သည့် အဖြေမရှိပါ။ ကျွန်ုပ်တို့သည် ပါဝင်သူများလုပ်ဆောင်မှုသည် ၎င်းတို့ကို အသိုင်းအဝိုင်းအား မည်ကဲ့သို့ တည်ဆောက်ရန် ကူညီပေးလိမ့်မည်ကို ရှင်းပြနိုင်မည်ဟုမျှော်လင့်ပါသည်။

**19.၎င်းသည် သင့်ကို အရည်အချင်းအသစ်များ သင်ယူရန် ကူညီပေးသည်ဟု ထင်ပါသလား။ အကယ်၍ ဟုတ်သည်ဆိုပါက၊ မည်ကဲ့သို့ဆိုသည်ကို ရှင်းပြနိုင်ပါသလား။**
• ဤမေးခွန်းတွင် 'မှန်' သည့် အဖြေမရှိပါ။ ကျွန်ုပ်တို့သည် ပါဝင်သူများလုပ်ဆောင်မှုသည် ၎င်းတို့ကို အရည်အချင်းသစ်များ မည်ကဲ့သို့တည်ဆောက်ရန် ကူညီပေးလိမ့်မည်ကို ရှင်းပြနိုင်မည်ဟု မျှော်လင့်ပါသည်။

# IS 27(B): လူထုတွင်လှုပ်ရှားမှုပြုလုပ်ရန်သဘောတူညီချက်ပုံစံ

ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ သင်ရိုးညွှန်းတမ်းပြီးဆုံးပြီးနောက် လူထုတွင်လှုပ်ရှားမှုအစီအစဉ် စတင်မပြုလုပ်မီတွင် အသိုင်းအဝိုင်းလုပ်ဆောင်မှုခွင့်ပြုချက်အား ဖတ်ပြီးလက်မှတ်ထိုးရမည်ဖြစ်သည်။

**လူထုတွင်လှုပ်ရှားမှုလုပ်ဆောင်ချက်ပုံစံ**

ကျွန်ုပ်၏ကလေးသည် လူထုတွင်လှုပ်ရှားမှုလုပ်ဆောင်ချက်တွင် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နိုင်ပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ ကလေးအား မည်သည့်အချိန်တွင်မဆို ပြန်လည်ခေါ်ယူနိုင်ကြောင်း နားလည်ပါသည်။

သဘောတူသည် | သဘောမတူပါ

အမည် -----------------------------------------------------------------------------------------

နေ့စွဲ -------------------------------------------------------------------------------------------

လက်မှတ် ------------------------------------------------------------------------------------

ကလေး၏အမည် ---------------------------------------------------------------------------

ကလေး၏လက်မှတ် ----------------------------------------------------------------------

# အခန်း (၂၈) လူ့ထုအတွင်းလှုပ်ရှားမှု – အဆင့်၁

## ရည်ရွယ်ချက်

ပါဝင်သူများသည် ၎င်းတို့လူထုအတွင်း တွေ့ကြုံနေရသောလူကုန်ကူးမှု မြင့်မားလာစေသည့်ပြဿနာများကို ဆွေးနွေးခြင်းနှင့် စဉ်းစားခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။

## အချိန်

၇၅မိနစ်

## အထောက်အပံ့များ

- ကပ်ခွာတစ်ထုပ် (ကပ်ရန်သေးငယ်သောစာရွက်ပိုင်းလေးများ)
- 'မကြာခဏဖြစ်ပေါ်သည်', 'တစ်ခါတစ်ရံသာဖြစ်ပေါ်သည်', 'အနည်းငယ်သာဖြစ်ပွားသည်' ဟု အမည်တပ်ထားသော စာရွက်အရှည် ၃ ခု။
- 'ဆိုးသော', 'အလွန်ဆိုးသော' နှင့် 'အဆိုးဆုံးဖြစ်ပွားနိုင်သော' ဟုအမည်တပ်ထားသော စာရွက်အရှည် ၃ ခု ။
- 'IS 28a: ယောကျ်ားလေးစိန်ခေါ်မှုများနှင့် ကြုံတွေ့ခြင်း / မိန်းကလေးစိန်ခေါ်မှုများနှင့် ကြုံတွေ့ခြင်း' မှ ရုပ်ပုံများကို သရုပ်ပြကားချပ်အကြီးနှစ်ခုတွင် မိတ္တူကူးထားပါ။

## ကြိုတင်ပြင်ဆင်ရန်

အခန်းမစတင်မီ လူထုအတွင်း လှုပ်ရှားမှုပုံစံ သဘောတူညီကြောင်း လက်မှတ်များကို စုဆောင်းပါ။ သဘောတူညီကြောင်းပုံစံတွင် လက်မှတ်မထိုးသူများသည် အောက်ပါအခန်းတွင် ၎င်းတို့ လက်မှတ်မထိုးသေးပါက ပါဝင်ခွင့်ရမည်မဟုတ်ပါ။

## မိတ်ဆက်ခြင်း

## ကြိုဆိုခြင်း

ပါဝင်သူများအား အမည်နှင့်တကွကြိုဆိုပါ။ လက်မှတ်ထိုးရန် စာရွက်အားလက်ဆင့်ကမ်းပါ။

## သွေးပူလေ့ကျင့်ခန်း

လူငယ်ဦးဆောင်သူအား သွေးပူလေ့ကျင့်ခန်းစာရင်းမှ တစ်ခုကိုဦးဆောင်ခိုင်းပါ။

## ပြန်လည်သုံးသပ်ခြင်း

သင့်နိုင်ငံ၏ အရေးပေါ်ဖုန်းနံပါတ်များမှာ မည့်သည့်နံပါတ်များ ဖြစ်သနည်း။ (အကယ်၍ ပါဝင်သူများမှာ ဇဝေဇဝါဖြစ်နေပါက၊ အခန်း၂၅ မှ အဖွဲ့တစ်ခုလုံး သံပြိုင်ရွတ်ဆိုခဲ့သော နံပါတ်များအားလုံးပါဝင်သည့် လုပ်ငန်းစဉ်ကို ထပ်မံပြုလုပ်ပါ။) ကျွန်ုပ်တို့ လူထုတွင် အလေးထားရမည့် လူကုန်ကူးခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းတွင် ကြီးမားသောစိန်ခေါ်မှုများရှိကြောင်း မည်သူသိရှိသနည်း။ သိရှိပါက ၎င်းတို့ကိုရှင်းပြနိုင်ပါသလား။

## လုပ်ဆောင်ချက်

နောက်လာမည့် အခန်းအနည်းငယ်သည် လူထုအားကူညီသည့် လှုပ်ရှားမှုများကို ပြုလုပ်မည်ဖြစ်ကြောင်း ရှင်းပြပါ။ ပါဝင်သူများသည် လူထုတွင် ၎င်းတို့ တိုးတက်အောင် လုပ်ဆောင်ချင်သည့်အရာများကို သတ်မှတ်ရန်နှင့် ၎င်းအား ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ဝင်များ အတူတကွလုပ်ဆောင်ရာတွင် ပိုမိုလွယ်ကူစေရန် လုပ်ဆောင်ရမည့် နည်းလမ်းကို စဉ်းစားရမည် ဖြစ်သည်။ ဤစီမံချက်တွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် စေတနာ့ဝန်ထမ်းပြုလုပ်ရမည် ဖြစ်သည်။ ပါဝင်မည့်သူတိုင်းအား သဘောတူကြောင်း ပုံစံတွင်လက်မှတ်ထိုးပြီးကြောင်း သေချာပါစေ။

ဤစီမံချက်သည် လူငယ်များ၏ဘဝများနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုလုပ်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။ ထို့ကြောင့် ၎င်းတို့သည် စီမံချက်အားလူထုတွင်စတင်မလှုပ်ရှားမီ၊ ၎င်းတို့သည် လူထုတွင်းမှ လူငယ်များ၏ဘဝများကို ဆွေးနွေးရမည်ဖြစ်သည်။

ပါဝင်သူများအား ၎င်းအချက်အား သူတို့ကိုကူညီနိုင်သော ရုပ်ပုံဆွဲခြင်းဖြင့် ဤအခန်းအား စတင်ရမည်ဖြစ်ကြောင်း ပြောပြပါ။ လူထုတွင် ယောကျ်ားလေးများ တွေ့ကြုံရသော စိန်ခေါ်မှုများနှင့် / မိန်းကလေးများ တွေ့ကြုံရသောစိန်ခေါ်မှုများ သရုပ်ပြကားချပ်နှစ်ခုသို့ ညွှန်ပြပါ။

## ကပ်ခွာများကိုလက်ဆင့်ကမ်းပေးပါ။

ဤလူထုတွင်းမှ ယောကျ်ားလေးနှင့် မိန်းကလေးများ တကယ်ကြုံတွေ့နေရသည့် ကိစ္စများကို အဖွဲ့အားစဉ်းစားရန် ပြောကြားပါ။ ကပ်ခွာပေါ်တွင် ပြဿနာများကို ရေးသားရန်ပြောကြားပါ – ကပ်ခွာတစ်ခုတွင် ပြဿနာတစ်ခု – နှင့် ၎င်းကို သရုပ်ပြကားချပ်ပေါ်မှ ပြဿနာ ဧရိယာအတွင်းရှိ ရုပ်ပုံတွင်ကပ်လိုက်ပါ။ (ပြဿနာတစ်ခုအား ဥပမာပေးရမည်ဆိုလျှင် 'မိန်းကလေးများ ရင်ဆိုင်နေရသော စိန်ခေါ်မှုတစ်ခုမှာ သူမ၏မွေးချင်းမောင်နှမငယ်များအား မိဘများအလုပ်သွားချိန် စောင့်ရှောက်ရမည် ဖြစ်သောကြောင့် ကျောင်းသို့မသွားရခြင်းဖြစ်သည်။')

အောက်ပါပြဿနာဧရိယာများအကြောင်းတစ်ခုပြီးတစ်ခုစဉ်းစားရန်ပြောကြားပါ။

- အလုပ်
- ပညာရေး
- ဆင်းရဲမွဲတေမှု
- ရုပ်ပိုင်းဆိုင်ရာအရ ထိခိုက်စေခြင်း
- လက်ရှိ၎င်းတို့တွင် ဖြစ်ပျက်နေသောအရာများသည် ၎င်းတို့အနာဂါတ်အတွက်ဆိုးသော အကျိုးသက်ရောက်မှုဖြစ်ပေါ်စေခြင်း။

ကပ်ခွာအားလုံးကို ရုပ်ပုံပေါ်တွင်ကပ်ပြီးပါက၊ ၎င်းတို့အား အသံထွက်၍အဖွဲ့သို့ ဖတ်ပြပါ။

## ကပ်ခွာများအားပြန်လည်စုစည်းခြင်း

ပြီးနောက်၊ အဖွဲ့အား ကပ်ခွာများကိုဖြုတ်ချခိုင်းပြီး၊ 'မကြာခဏဖြစ်ပေါ်သည်', 'တစ်ခါတစ်ရံသာ ဖြစ်ပေါ်သည်', 'အနည်းငယ်သာ ဖြစ်ပွားသည်' ဟုအမည်တပ်ထားသည့် စာရွက်သုံးခုပေါ်တွင် ပြန်လည်စုစည်းခိုင်းပါ။ ပါဝင်သူများအကြား ပြဿနာများကို ၎င်းတို့ခွဲခြားမှုကို ဆွေးနွေးမှုကို အားပေးစကားပြောကြားပေးပါ။ ပြီးနောက် အဖွဲ့အား စတေကာများကို 'ဆိုးသော', 'အလွန်ဆိုးသော' နှင့် 'အဆိုးဆုံးဖြစ်ပွားနိုင်သော' ဟုအမည်တပ်ထားသော စာရွက်သုံးခုပေါ်တွင် ခွဲခြားခိုင်းပါ။ ပါဝင်သူများအကြား ပြဿနာများကို ၎င်းတို့ခွဲခြားမှုကို ဆွေးနွေးနေစဉ် အားပေးစကားပြောကြားပေးပါ။

ပြီးနောက်၊ ဦးဆောင်သူကို မတူညီသည့်ကိစ္စများသည် မလုံခြုံသော ရွှေ့ပြောင်းခြင်းနှင့် လူကုန်ကူးခြင်းတွင် မည်ကဲ့သို့ဆက်နွယ် နေကြောင်း မေးရမည်ဖြစ်သည်။ အကယ်၍ အဖွဲ့သည်မဖြေဆိုနိုင်ပါက၊ ဦးဆောင်သူသည် မည်သည့်ဆက်နွယ်မှုကိုမဆို ရှင်းပြရမည်ဖြစ်သည်။ ဥပမာအားဖြင့်၊ 'အကယ်၍ကျောင်းမသွားရသော (သို့) စာမည်ကဲ့သို့ရေးရမည်ကို မသိသော မိန်းကလေး တစ်ဦးသည် အလုပ်စာချုပ်အား မဖတ်နိုင်သောကြောင့် သူမ လက်မှတ်ထိုးသောအရာမှာ မျှတသလားဆိုသည်ကို မသိရှိနိုင်ပါ။'

## အခန်းအနှစ်ချုပ်

ဤလူထုမှ ယောကျ်ားလေးများနှင့် မိန်းကလေးများ အမှန်တကယ်ကြုံတွေ့ရသည့် ကိစ္စများတွင် ပြဿနာဇရိယာအဖြစ် ဖော်ပြခဲ့သော အချက်များကိုပြန်လည်သုံးသပ်ပါ။

ဦးဆောင်သူသည် လူငယ်များ၏စာရင်းအား အနှစ်ချုပ် ပြန်လည်ပြုလုပ်ရမည် ဖြစ်သည်။ ဦးဆောင်သူပြောရမည်မှာ-

'ဒီလူထုတွင်းတွင် လူကုန်ကူးမှုနှင့် ဆက်စပ်နေတဲ့ ဖြစ်နေကျပြဿနာသုံးခုကတော့...'

'ဒီအသိုင်းအဝိုင်းအတွင်းမှ ၁လူကုန်ကူးမှုနှင့် ဆက်စပ်နေတဲ့ ဖြစ်နေကျအဆိုးဆုံးပြဿနာသုံးခုကတော့...'

## နိဂုံးချုပ်ခြင်း

ပါဝင်သူများသည် မေးခွန်းများမေးခြင်းနှင့်/ (သို့) တုန့်ပြန်မှုများပေးခြင်းကို ရေးသားရန်တောင်းဆိုမည်ဖြစ်ပြီး ၎င်းတို့ကို ဦးဆောင်သူများအား အမည်လျှို့ဝှက်ပြီးပေးရန် ပြောကြားပါ။


လာရောက်သူအားလုံးကို ကျေးဇူးတင်ပါသည်။ နောက်လာမည့် အဖွဲ့အစည်းအဝေးအား အတည်ပြုပါ။ ပါဝင်သူများအား ၎င်းတို့သည် အခန်းအားတက်ရောက်သည့်အတွက် နောက်ထပ်ကြယ်တစ်ခု ထပ်မံရရှိကြောင်းပြောကြားပါ။

နောက်လာမည့်အခန်းမတိုင်မီတွင် အသိုင်းအဝိုင်းအတွင်း လူငယ်များရင်ဆိုင်နေရသည့် အခက်အခဲများမှ ၎င်းတို့ အရေးကြီးသည်ဟု ထင်မြင်သောအချက်များအား အမည်တပ်ရန် စဉ်းစားရန်အတွက် အချိန်အနည်းငယ်ယူရန် ပြောကြားပါ။

ပါဝင်သူများအား ၎င်းတို့ကိုစာရွက်ပေါ်တွင် ရေးသားပြီး အိမ်သို့ယူဆောင်သွားပြီးနောက် ၎င်းတို့ကိုသတိပေးရန်ပြောကြားပါ။

# IS 28a: ယောက်ျားလေးများတွေ့ကြုံရသောစိန်ခေါ်မှုများ /မိန်းကလေးများတွေ့ကြုံရသောစိန်ခေါ်မှုများ





# အခန်း (၂၉) လူထုတွင်းလှုပ်ရှားမှု – အဆင့် ၂

## ရည်ရွယ်ချက်

ပါဝင်သူများသည် ၎င်းတို့ လူထုတွင်းရှိတွေ့ကြုံရသော ကိစ္စများအားဖြေရှင်းရန် ဆုံးဖြတ်ပြီး အခြားလုပ်ဆောင်ချက်များနှင့် မိတ်ဆက်ပေးရန် ဖြစ်သည်။

## အချိန်

၇၅မိနစ်

## အထောက်အပံ့များ

- ကပ်ခွာများ
- 'အလွန်အလေးအနက်ထားရမည်' ဟုထိပ်ဆုံးတွင်ရေးသားထားသောစာရွက်အရှည်တစ်ခုနှင့် 'အဖြစ်အများဆုံး' ဟုထိပ်ဆုံးတွင်ရှိသော စာရွက်အရှည်တစ်ခု။
- စာရွက်ရှည်အလွတ်
- ဘောလ်ပင်များ
- 'IS 29a: ပြဿနာသစ်ပင်'and 'IS 29c: ဖြေရှင်းရန်သစ်ပင်' မိတ္တူ၄-စခု
- ဦးဆောင်သူကိုးကားရန်အတွက် 'IS 29b: ပြဿနာသစ်ပင်ဥပမာ' ။

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများအား အမည်နှင့်တကွ ကြိုဆိုပါ။ လက်မှတ်ထိုးရန် စာရွက်အား လက်ဆင့်ကမ်းလိုက်ပါ။

### သွေးပူလေ့ကျင့်ခန်း

လူငယ်ဦးဆောင်သူအား သွေးပူလေ့ကျင့်ခန်းစာရင်းမှ တစ်ခုကိုဦးဆောင်ခိုင်းပါ။

### ပြန်လည်သုံးသပ်ရန်

သင့်နိုင်ငံ၏ အရေးပေါ်ဖုန်းနံပါတ်များမှာ မည့်သည့်နံပါတ်များ ဖြစ်သနည်း။ (အကယ်၍ ပါဝင်သူများမှာ ဇဝေဇဝါဖြစ်နေပါက၊ အခန်း ၂၅ မှ အဖွဲ့တစ်ခုလုံး သံပြိုင်ရွတ်ဆိုခဲ့သော နံပါတ်များအားလုံး ပါဝင်သည့်လုပ်ငန်းစဉ်ကို ထပ်မံပြုလုပ်ပါ။) သင့်ပတ်ဝန်းကျင်ရှိ လူငယ်များရင်ဆိုင်နေရသည့် ပြဿနာများအကြောင်း စဉ်းသားမိသူများ ရှိပါသလား။ သင်အမည်တပ်လိုသော အခြားပြဿနာများရှိပါသေးသလား။ ထိုပြဿနာမှာ မည်သည့်ပြဿနာ ဖြစ်ပါသနည်း။ ဘာကြောင့် ထိုပြဿနာမှာ အရေးကြီးပါသနည်း။

### ပြဿနာသစ်ပင်နှင့်မိတ်ဆက်ခြင်း

ပြီးခဲ့သောအခန်းမှ သူတို့ပါတ်ဝန်းကျင်အား ကူညီရန် စီမံချက်တစ်ခုပြုလုပ်မည့် အကြောင်းပြောခဲ့သည်ကို ပါဝင်သူများအား ပြန်လည်စဉ်းစားခိုင်းပါ။ ယခုအခန်းမှာ ရွှေ့ပြောင်းသွားလာခြင်းနှင့် လူကုန်ကူးခြင်းနှင့် ဆက်နွယ်နေသည့် အကြောင်းအရာများ အကြောင်း ပြောဆိုခြင်းဖြင့် စတင်မည်ဖြစ်သည်။ အများဆုံး အလေးထားရမည်ဖြစ်သော ပြဿနာဟု ၎င်းတို့ထင်မြင်သော အရာကို ကပ်ခွာပေါ်တွင် ရေးခိုင်းပါ။ ပြီးနောက် မတူသည့် ကပ်ခွာတွင် ၎င်းတို့အား ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာများကို ရေးခိုင်းပါ။

ပြီးနောက် ပါဝင်သူများအား စတေကာများကို 'အလွန်အလေးအနက်ထားရန်' (သို့) 'ဖြစ်လေ့ဖြစ်ထရှိသော' ဟု မှတ်သားထားသော သရုပ်ပြစာရွက်ကြီးထဲမှ တစ်ခုမဟုတ် တစ်ခုပေါ်တွင် ကပ်ရန်ပြောကြားပါ။

နောက်တစ်ဆင့်မှာ ဤပြဿနာများကို 'ပြဿနာသစ်ပင်'ကို အသုံးပြုပြီး ပြောကြားကြမည်ဖြစ်ကြောင်း ရှင်းပြပါ။ ပြဿနာသစ်ပင်မှာ ပြဿနာ၏ အကြောင်းတရားနှင့် ရလဒ်များအကြောင်း စဉ်းစားရန် နည်းလမ်းဖြစ်သည်။ ('IS 29b: ပြဿနာသစ်ပင် ဥပမာ'ကို ကြည့်ပါ။) စာရွက်အဖြူပေါ်တွင် သစ်ပင်ပုံ တစ်ပုံဆွဲပါ။ ပင်စည်သို့ညွှန်ပြပြီး ပင်စည်သည် ပြဿနာအားကိုယ်စားပြုကြောင်း ရှင်းပြပါ။ ဥပမာအနေဖြင့်၊ ဤအသိုင်းအဝိုင်းမှ များစွာသော ရွှေ့ပြောင်းသွားလာသူများသည် အရေးပေါ်ဖုန်းနံပါတ်များကို မသိရှိကြပါ။

ပြဿနာအား၊ 'အရေးပေါ်ဖုန်းနံပါတ်များအား မသိရှိခြင်း' ဟူ၍ ပင်စည်တွင်ရေးသားပါ။ ပါဝင်သူများအား ဤပြဿနာ၏ အရင်းခံကို စာရင်းလုပ်ခိုင်းပါ။ (ဥပမာများ: နံပါတ်များအား လူငယ်များမြင်နိုင်သော နေရာများတွင် မရေးသားထားခြင်း၊ ရွှေ့ပြောင်းသွားလာသူများသည် ၎င်းအားမသိရှိခြင်း၊ နံပါတ်မှာ ကျောင်းတွင်မျှဝေမထားခြင်း)။

ပြဿနာအရင်းခံများကို အမြစ်ပေါ်တွင်ရေးသားပါ။
အကိုင်းများကို ညွှန်ပြပါ။ လူငယ်များ မသိရှိခြင်းကြောင့် ရရှိလာမည့်အကျိုးဆက်များ (သို့) ရလဒ်များကို အဖွဲ့အားစာရင်းပြုလုပ်ခိုင်းပါ (ဥပမာများ: အကယ်၍ သူတို့ပျောက်ဆုံးသွားပါက ခေါ်ဆိုရန် တစ်ယောက်မျှမရှိခြင်း၊ လူငယ်များသည် သူတို့လူကုန်ကူးခံရပါက ပြောကြားရန် တစ်ယောက်မျှမရှိခြင်း)။

တစ်ယောက်ယောက်တွင် မေးခွန်းရှိပါသလားမေးပါ။
ယခုပါဝင်သူများအား ပြဿနာသစ်ပင်ကို မည်ကဲ့သို့ဖြစ်ပေါ်လာသည်နှင့် မည်ကဲ့သို့သရုပ်ပြမည်ကို မေးပါ။
သင်သည်အဖွဲ့မှ နားလည်သည်ဟု ခံစားရပါက၊ ပါဝင်သူများအား ၄ - ၈ ဦးထိ ပါဝင်သောအဖွဲ့များအဖြစ် ခွဲလိုက်ရန် ပြောဆိုပါ၊ ပြီးနောက် 'IS 29a: ပြဿနာသစ်ပင်' မိတ္တူကို လက်ဆင့်ကမ်းပေးလိုက်ပါ။ အဖွဲ့တစ်ခုစီကို ကပ်ခွာစာရင်းထဲမှတစ်ခုကို ရွေးချယ်ခိုင်းပြီး ထိုပြဿနာအား ပြဿနာသစ်ပင်တစ်ခု ပြုလုပ်ခိုင်းပါ။

ဖြေရှင်းရန်အဖြေရှာခြင်း
၎င်းတို့သည် ၎င်းတို့၏ပြဿနာသစ်ပင်အား ကြည့်ရှုခြင်းဖြင့်၊ ၎င်းတို့ပြဿနာအား မည်ကဲ့သို့ တားဆီးရမည်ဆိုသည်ကို အဖွဲ့အားအဖြေရှာခိုင်းပါ။ ဖြေရှင်းရန်အချက်များအား ဖြည့်ရန် 'IS 29c: ဖြေရှင်းရန်သစ်ပင်' ကို ၎င်းတို့အား လက်ဆင့်ကမ်းပေးပါ။

ဖြေရှင်းရန်အချက်များအား အမြစ်တွင်ရေးသားရမည်ဖြစ်သည်။
အကယ်၍ ပါဝင်သူများတွင် အခက်အခဲရှိနေပါက၊ ဦးဆောင်သူမှ အောက်ပါဥပမာများအား ၎င်းတို့သို့မျှဝေနိုင်သည်။ သို့သော်၊ ဥပမာများသည် ပါဝင်သူများထံမှ တိုက်ရိုက်လာမည်ဆိုပါက အကောင်းဆုံးပင်ဖြစ်သည်။

ဤဥပမာသည် အရေးပေါ်ဖုန်းနံပါတ်များနှင့် သက်ဆိုင်သည်၊ သို့သော် ပါဝင်သူများသည် ၎င်းတို့အဖွဲ့နှင့် သက်ဆိုင်သည့် အဖြေများကို စဉ်းစားရလိမ့်မည်ဖြစ်သည်။

- အရေးပေါ်ဖုန်းနံပါတ်နှင့် သက်ဆိုင်သောသီချင်များအား ရေးသားပြီး လူငယ်များအားသင်ကြားပေးပါ။
- သရုပ်ပြမှုပြုလုပ်ပါ။

- ကူညီရန်နံပါတ်အသေးစိတ်များနှင့် ကာတွန်းဆွဲပါ။
- ကျောင်းတွင်ကပ်ရန် နံပါတ်များနှင့် ပိုစတာများပြုလုပ်ပါ။
- စာတစ်အုပ်ရေးသားပါ။
- ကျောင်းမှအတန်းတစ်ခုတွင် အရေးပေါ်ဖုန်းနံပါတ်အကြောင်း သင်ကြားပေးပါ။
- အရေးပေါ်ဖုန်းနံပါတ်များအား Facebook ပေါ်တွင် မျှဝေခြင်းဖြင့် အင်တာနက်မှတဆင့် လှုံ့ဆော်မှုအားစတင်ပါ။

အဖွဲ့အား ၎င်းတို့ပြဿနာအား တင်ပြရန်နှင့် စီမံချက်နှင့် အကြံဉာဏ်အားမေးမြန်းပါ။
မည်သည့်ဖြေရှင်းချက်နည်းလမ်းများသည် ဖြစ်နိုင်ခြေရှိပြီး၊ မည်သည့်အချက်သည် တင်ပြရန်ခက်ခဲကြောင်း အဖွဲ့တစ်ခုလုံးသို့ မေးမြန်းပါ။ (အဖွဲ့မှာ အခန်း ၄ ခုစလုံးတွင် အောင်မြင်မှုရရှိနိုင်ပြီး ကုန်ကျစရိတ်သက်သာသော ဖြေရှင်းချက်တစ်ခုအား ရွေးချယ်ရန် လိုအပ်ပါသည်။) နောက်ဆုံးတွင်၊ ပါဝင်သူများအား ၎င်းတို့အဖွဲ့လိုက်လှုပ်ရှားလိုသော တစ်ခုကိုမဲပေးခိုင်းပါ။

## နေ့စဉ်မှတ်တမ်း

ပါဝင်သူများအား ၎င်းတို့အသိုင်းအဝိုင်းအား ကူညီပေးနိုင်မည့် နည်းလမ်းများကိုရေးခိုင်းပါ။

## အခန်းအနှစ်ချုပ်


- **ကျွန်ုပ်တို့သည်** နောက်ထပ်အခန်းအနည်းငယ်ကို အသိုင်းအဝိုင်းတွင်လှုပ်ရှားမှု လုပ်ဆောင်ရမည်ဖြစ်သည်။
- အသိုင်းအဝိုင်းလှုပ်ရှားမှုမှာ (၎င်းတို့မဲပေးရွေးချယ်ထားသော ပရောဂျက်ကို ထည့်ပါ) ဖြစ်ပါသည်။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများသည် မေးခွန်းများမေးခြင်းနှင့်/ (သို့) တုန့်ပြန်မှုများပေးခြင်းကို ရေးသားရန် တောင်းဆိုမည်ဖြစ်ပြီး ၎င်းတို့ကို ဦးဆောင်သူများအား အမည်လျှို့ဝှက်ပြီးပေးရန် ပြောကြားပါ။ လာရောက်သူအားလုံးကို ကျေးဇူးတင်ပါသည်။ နောက်လာမည့် အဖွဲ့အစည်းအဝေးအား အတည်ပြုပါ။ ပါဝင်သူများအား ၎င်းတို့သည် အခန်းအားတက်ရောက်သည့်အတွက် နောက်ထပ် ကြယ်တစ်ခု ထပ်မံရရှိကြောင်းပြောကြားပါ။

# IS 29a - ပြဿနာသစ်ပင်




ရန်ဖြစ်ခြင်း
ဆင်းရဲခြင်း
ကြွေးတင်ခြင်း
လူမှုရေးပြဿနာ
မိသားစုတွင်းစိတ်ဝမ်းကွဲခြင်း
ကွာရှင်းခြင်းကံမကောင်း
သောကလေးရရှိခြင်း
အလုပ်ကောင်းစွာမလုပ်နိုင်ခြင်း
ကျန်းမာရေးဆိုးဝါးခြင်း
စိတ်ကျန်းမာရေး/
ရုပ်ပိုင်းဆိုင်ရာ
ယဉ်ကျေးမှုအစဉ်အလာအရ
ပိုက်ဆံ/အချိန်ဖြုန်းတီးခြင်း
အရက်သောက်သုံးခြင်း
ဈေးပေါ၊အလွယ်တကူဝယ်၍ရခြင်း
'လူကြီး' အလေ့အကျင့်အားအတုခိုးခြင်း

# IS 29 C- ဖြေရှင်းရန်သစ်ပင်



# အခန်း (၃၀) ပတ်ဝန်းကျင်တွင်းလှုပ်ရှားမှု

## ရည်ရွယ်ချက်
ပါဝင်သူများသည် ၎င်းတို့အသိုင်းအဝိုင်းလှုပ်ရှားမှုအတွက် အစီအစဉ်ကို ပုံဖော်ရမည်ဖြစ်သည်။

## အချိန်
၇၅မိနစ်

## အထောက်အပံ့များ
- စာရွက်ရှည်နှင့်ဘောလ်ပင်များ
- ကြီးမားသောသရုပ်ပြကားချပ်စာရွက်ပေါ်မှ 'IS 30a: ပါတ်ဝန်းကျင် လှုပ်ရှားမှု အစီအစဉ်' မိတ္တူ

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း
ပါဝင်သူများအား အမည်နှင့်တကွကြိုဆိုပါ။ လက်မှတ်ထိုးရန်စာရွက်အား လက်ဆင့်ကမ်းပေးပါ။

### သွေးပူလေ့ကျင့်ခန်း
လူငယ်ဦးဆောင်သူအား သွေးပူလေ့ကျင့်ခန်းစာရင်းမှ တစ်ခုကိုဦးဆောင်ခိုင်းပါ။

### ပြန်လည်သုံးသပ်ခြင်း
သင့်နိုင်ငံ၏ အရေးပေါ်ဖုန်းနံပါတ်များမှာ မည်သည့်နံပါတ်များ ဖြစ်သနည်း။ (အကယ်၍ ပါဝင်သူများမှာ ဇဝေဇဝါဖြစ်နေပါက၊ အခန်း ၂၅ မှ အဖွဲ့တစ်ခုလုံး သံပြိုင်ရွတ်ဆိုခဲ့သော နံပါတ်များအားလုံးပါဝင်သည့် လုပ်ငန်းစဉ်ကိုထပ်မံပြုလုပ်ပါ။) ပါဝင်သူများ ဆုံးဖြတ်ခဲ့သော အသိုင်းအဝိုင်းတွင် လှုပ်ရှားမှုနှင့် မည်ကဲ့သို့ ဆုံးဖြတ်ခဲ့သည်ကို ပြန်လည်သတိရရန် စေတနာ့ဝန်ထမ်းတစ်ဦးအား ပြောကြားရန်တောင်းဆိုပါ။

## လှုပ်ရှားမှု
ယနေ့တွင် ပါဝင်သူများသည် ၎င်းတို့အသိုင်းအဝိုင်းတွင် လှုပ်ရှားမှုပြုလုပ်ရန်အစီအစဉ်အား ပြုလုပ်ရမည် ဖြစ်ကြောင်းရှင်းပြပါ။ ဤစီစဉ်ခြင်းအခန်းသည် ၎င်းတို့ ဤလုပ်ဆောင်မှုအား စီစဉ်ရန် ကူညီပေးပါလိမ့်မည်၊ သို့သော် ၎င်းသည်၎င်းတို့ဘဝများအား စီစဉ်တတ်ရန်လည်း ကူညီပေးလိမ့်မည်ဖြစ်သည်။ ၎င်းတို့ပထမဆုံးပြုလုပ်ရန်မှာ ရည်မှန်းချက်တစ်ခုချမှတ်ရန်ဖြစ်ကြောင်း ရှင်းပြပါ။ ရည်မှန်းချက်သည် အသိုင်းအဝိုင်းအတွင်း လှုပ်ရှားမှုမှာ မည်သည့်ရည်ရွယ်ချက်ဖြစ်ကြောင်း အဓိပ္ပါယ်ရှင်းပြမည်ဖြစ်သည်။

ရည်ရွယ်ချက်အား သတ်မှတ်မှုစတင်ရန်၊ 'ကျွန်ုပ်တို့မည်သည်ကို ပြုလုပ်ကြမည်နည်း။'
စာရွက်ရှည်ပေါ်တွင် ပါဝင်သူများ၏အဖြေများကို ရေးသားပါ။ ပြီးနောက် ပါဝင်သူများအား ၎င်းတို့ရည်ရွယ်ချက်ကို စာကြောင်း တစ်ကြောင်းတည်း အဖြစ် ရှည်လျားသောစာသားဖြစ်စေရန် ကူညီပေးပါ။ ထိုစာသားကို စာရွက်ရှည်ပေါ်တွင် အပေါ်ဆုံးတွင် အသိုင်းအဝိုင်းလှုပ်ရှားမှု အစီအစဉ် ('IS 30a: အသိုင်းအဝိုင်းလှုပ်ရှားမှု အစီအစဉ်' မိတ္တူ) နှင့်အတူ 'ရည်ရွယ်ချက်' အောက်တွင် ရေးသားပါ။ နောက်ထပ်ပြုလုပ်မည့်အရာများသည် ၎င်းတို့ လှုပ်ရှားမှုများပေါ်တွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း ရှင်းပြပါ။ လှုပ်ရှားမှုများမှာ ရည်ရွယ်ချက်သို့ ရောက်ရှိရန်အဖွဲ့မှ လိုအပ်သော ကိစ္စငယ်လေးများဖြစ်သည်။

'ကျွန်ုပ်တို့ရည်ရွယ်ချက်သို့ ရောက်ရှိရန် လိုအပ်သော သေးငယ်သည့်အဆင့်များမှာ မည်သည့်အရာများ ဖြစ်သနည်း။' ဟုမေးပါ။ 'လုပ်ရှားမှုများ' အောက်တွင် ပါဝင်သူများ၏အဖြေကို ရေးခိုင်းပါ။ အထောက်အပံ့များအား စဉ်စားရန်လိုအပ်ကြောင်း ရှင်းပြပါ။ အထောက်အပံ့များမှာ အဖွဲ့မှငင်းတို့လှုပ်ရှားမှုများ ပြုလုပ်ရန်လိုအပ်သောအရာဖြစ်သည်။ (ဥပမာအနေဖြင့်၊ စာရွက်၊ ဘောလ်ပင်)။

'လှုပ်ရှားမှုတစ်ခုစီကို ပြီးမြောက်ရန် မည်သည့်အရာများ လိုအပ်သနည်း။' ဟုမေးပါ။ 'အထောက်အပံ့များ' အောက်တွင် ပါဝင်သူများ၏ အဖြေကိုရေးခိုင်းပါ။ 'မည်သူသည် လှုပ်ရှားမှုတစ်ခုစီကို ပြုလုပ်မည်နည်း။' ဟုမေးပါ။ စေတနာ့ဝန်ထမ်းပြုလုပ်မည့် ၎င်းတို့အမည်များကို 'လှုပ်ရှားမှုပြီးမြောက်အောင် ပြုလုပ်မည့်လူများ' ကော်လံတွင်ရေးသားပါ။ နောက်ဆုံးတွင်, ၎င်းတို့သည် မည်သည့်အချိန်တွင် အလုပ်တစ်ခုစီ ပြီးမြောက်မည်ကို ဆုံးဖြတ်ခိုင်းပါ။ ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့သည် တစ်ကြိမ် (သို့) နှစ်ကြိမ် အသိုင်းအဝိုင်းတွင်းလှုပ်ရှားမှု ပြင်ဆင်ရန် တွေ့ဆုံနိုင်ဦးမည် ဖြစ်ကြောင်းရှင်းပြပါ။ ဆိုလိုသည်မှာ ၎င်းတို့တွင် ၎င်းတို့အသိုင်းအဝိုင်းတွင်း လှုပ်ရှားမှုပြုလုပ်ရန် နာရီအချို့ရှိသေးကြောင်း ဆိုလိုခြင်းဖြစ်သည်။ ပါဝင်သူများသည် လုပ်ဆောင်မှုနှင့် လုပ်ဆောင်မှုအချိန်ဇယားကို အကယ်၍ ပိုမိုသင့်တော်ပြီး ၎င်းတို့အချိန်ဇယားနှင့် အလုပ်လုပ်မည်ဆိုပါက အဖွဲ့အစည်းအဝေး ပြင်ပတွင်လည်း လုပ်ဆောင်နိုင်ကြောင်းရှင်းပြပါ။ ပါဝင်သူများအား ခြားနားသောစီစဉ်ထားသည့် အလုပ်များအတွက် နေ့စွဲများကို 'ပြီးဆုံးရမည့်နေ့စွဲများ' အောက်တွင်ရေးသားခိုင်းပါ။

## အခန်းအနှစ်ချုပ်

• လူတစ်ယောက်စီကို သူ (သို့) သူမသည် ပြုလုပ်ရန်တာဝန်ရှိသည်များ၊ သူ(သို့) သူမ ပြုလုပ်ရာတွင်လိုအပ်သောပစ္စည်းများ၊ မည်သည့်အချိန်တွင် ပြုလုပ်ရမည်ကို သိရှိစေရန် အစီအစဉ်ကိုအသေးစိတ်စစ်ဆေးပါ။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများသည် မေးခွန်းများမေးခြင်းနှင့်/ (သို့) တုန့်ပြန်မှုများပေးခြင်းကို ရေးသားရန် တောင်းဆိုမည်ဖြစ်ပြီး ၎င်းတို့ကို ဦးဆောင်သူများအား အမည်လျှို့ဝှက်ပြီးပေးရန် ပြောကြားပါ။

လာရောက်သူအားလုံးကို ကျေးဇူးတင်ပါသည်။ နောက်လာမည့် အဖွဲ့အစည်းအဝေးအားအတည်ပြုပါ။ ပါဝင်သူများအား ၎င်းတို့သည် အခန်းအားတက်ရောက်သည့်အတွက် နောက်ထပ်ကြယ်တစ်ခုထပ်မံရရှိကြောင်း ပြောကြားပါ။

ပါဝင်သူများအား ၎င်းတို့လှုပ်ရှားမှုအား ပြီးမြောက်စေရန် အပိုအကူအညီလိုအပ်ပါသလားဆိုသည်ကို မေးမြန်းပါ။ အကယ်၍ လိုအပ်သည်ဆိုပါက၊ ၎င်းတို့ကို ဤအခန်းပြီးနောက် ၎င်းကိုဆွေးနွေးရန် ၅ မိနစ်ခန့် နေခဲ့ကြရန်ပြောကြားပါ။

အကယ်၍ပါဝင်သူများသည် လှုပ်ရှားမှုများကို အခန်းပြင်ပတွင် ပြီးစီးအောင် ပြုလုပ်လာမည်ဆိုပါက၊ အောက်ပါလှုပ်ရှားမှုများကို စာရွက်ပေါ်တွင် ရေးသားပြီး အိမ်သို့ယူသွားပြီးနောက် ၎င်းတို့ကိုသတိပေးပါ။

| ရည်ရွယ်ချက် | လှုပ်ရှားမှုများ | အထောက်အပံ့များ | လှုပ်ရှားမှုပြီးမြောက်ရန်လူများ | ပြီးစီးရမည့်ရက်စွဲ |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

# အခန်း (၁) ပတ်ဝန်းကျင်တွင်းလှုပ်ရှားမှု – အဆင့်၄

## ရည်ရွယ်ချက်

ပါဝင်သူများသည် ၎င်းတို့၏ပတ်ဝန်းကျင်တွင် လှုပ်ရှားမှုလုပ်ဆောင်ချက်ဆောင်ရွက်သည်။

## အချိန်

၇၅မိနစ်

## ပြင်ဆင်ရန်

ပတ်ဝန်းကျင်လှုပ်ရှားမှုဆောင်ရွက်ခြင်း မစတင်မီ ပါဝင်သူများနှင့်တွေ့ဆုံပါ။ လူတစ်ယောက်စီကို သူ (သို့) သူမသည် ပြုလုပ်ရန်တာဝန်ရှိသည်များ၊ သူ(သို့) သူမ ပြုလုပ်ရာတွင် လိုအပ်သောပစ္စည်းများ၊ မည်သည့်အချိန်တွင်ပြုလုပ်ရမည်ကိုသိရှိစေရန်အစီအစဉ်ကို အသေးစိတ်စစ်ဆေးပါ။

**အထောက်အပံ့များ**

- ပြီးခဲ့သောအခန်းမှာပါဝင်သူများစီစဉ်မှုပြီးစီးခဲ့သည့်အထောက်အပံ့များအောက်မှစာရင်းပြုလုပ်ထားသည့်ပစ္စည်းများ
- 'IS 31: သင်တန်းဆင်းအောင်လက်မှတ်နမူနာ'31

## လှုပ်ရှားမှု

ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့သည် ပတ်ဝန်းကျင်တွင် လှုပ်ရှားမှုလုပ်ဆောင်ချက်များ စတင်ပြုလုပ်မည်။ ပါဝင်သူများအား လုပ်ဆောင်ချက် မည်သည့်အချိန်တွင်ပြီးဆုံးမည်နှင့် ၎င်းတို့အလုပ်တွက်ကျေးဇူးတင်ကြောင်းပြောရန် သေချာအောင်ပြုလုပ်ပါ။ အသိုင်းအဝိုင်းလှုပ်ရှားမှုလုပ်ဆောင်ချက်သည် ပါဝင်သူများ၏ အရည်အချင်းနှင့်မိမိကိုယ်ကို အထင်ကြီးမှုကို တည်ဆောက်ပေးရန် ပုံစံပြုလုပ်ထားပါသည်။ ၎င်းသည် လုပ်ဆောင်မှု၏ရလဒ်ကဲ့သို့ပင်အရေးကြီးပါသည်။ ထို့ကြောင့်ပါဝင်သူများအား ဂုဏ်ယူကြောင်း ပြောရန်သတိရပါ။ ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်းနောက်ဆုံးတွင် ဂုဏ်ပြုရန်နှင့် ကြယ်ဝေ့ခြင်းနှင့် ဆုလဒ်များပေးရန် အောင်မြင်ခြင်းပါတီ စီစဉ်ပေးပါ။ လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူများကို သင်တန်းအောင်လက်မှတ်များလည်းပေးသင့်သည်။ ဤအောင်မြင်ခြင်းပါတီတွင် အသိုင်းအဝိုင်းလှုပ်ရှားမှု လုပ်ဆောင်ချက်တွင်မပါဝင်သူများသည် ပါဝင်သူများနည်းတူပါဝင်ရမည်ဖြစ်သည်။ သင်သည် ကြယ်ဖြန့်ဝေခြင်းနှင့် ဆုလဒ်များကို ကြယ်မရရှိသူများ ခံစားရမခက်စေရန် နည်းလမ်းဖြင့်ပါဝင်သူများကို ပေးအပ်ပါ။ တစ်ချိန်တည်းတွင်၊ အခန်းတိုင်းသို့ တက်ရောက်သူနှင့် (သို့) ကောင်းမွန်သော တက်ရောက်မှုရှိသူများကို ဆုလဒ် (သို့) အထူးအသိအမှတ်ပြုပေးပါ။ သင့်အဖွဲ့နှင့်အတူတကွ ဆင်နွှဲပါ။

World Vision®

# CERTIFICATE OF COMPLETION

*This certifies that*

*has successfully completed the*

**Smart Navigator Training Course**

Held in ______________________ , on ____________________

Location Date

**Smart Navigator Club Facilitator**

Signature: ______________________________

**World Vision ETIP Staff**

Signature: ______________________________

## မှတ်ချက်

ဤစာမျက်နှာကိုသင့်အသိုင်းအဝိုင်းသို့ပြန်ရောက်ချိန်တွင်ပြန်လည်မှတ်မိလို
သောမည်သည့်မှတ်ချက်ကိုမဆိုရေးသားရန်အသုံးပြုပါ။